# Ed108 Curriculum Study , Teaching & Learning

## Power point lessons prepared by


## U Kyaw Naing

**BE(EP)RIT, AGTI (EP),MSEE (USA),MSc (Science Education)Curtin University (Australia),PG Dip Sc Ed (Curtin), Grad Dip Ed (Adult Vocational Education) TAFE-NSW, Certificate IV in Training & Education (TAE 40110), Ed.D (STCTU). MIEAust, RPEQ (Electrical), NSW Electrician License (Australia),Certificate of Proficiency (Electrical Fitter), Certificate in Electrical Wiring (TAFE-NSW)**

- **Registered Teacher (Teacher Registered Board of Western Australia)**
- **Teacher of Electrical Engineering (TAFE-NSW),**
- **International Academic Councilor (STCTU)**
- **Program Leader (Engineering) Highlight Computer Group, IQY Technical College (Myanmar)**


## For Professional Development of Myanmar Voluntary School Teachers

ED 108(B)
Interpreting
Curriculum

# ED 108 (2)

**သင်ရိုးညွှန်းတမ်း၏ အဓိပ္ပါယ်**

- ကျောင်းတွင်သင်ကြားသည့်အရာများ
- ဘာသာရပ်အစုံ
- ပါဝင်သောအကြောင်းအရာများ
- သင်ယူလေ့လာရမည့်အစီအစဉ်
- ပစ္စည်းကိရိယာအစုံ
- သင်ရိုး၏ အဆင့်များ အစီအစဉ်များ
- သင်ကြားသည့်သင်ရိုး
- ဆောင်ရွက်ရမည့် ဦးတည်ချက်၊ရလဒ်များ အစုအဝေး

# ED 108 (3)

## Curriculum (သင်ရိုးညွှန်းတမ်း)

- ကျောင်းနှင့်ပတ်သက်သော ကိစ္စရပ်အားလုံး၊ အတန်းအပြင်ပ လှုပ်ရှားမှုများ၊ လမ်းညွှန်မှု၊ ပင်ကိုယ်ရေး ပတ်သက်ဆက်နွယ်မှုများ
- ကျောင်းတွင်လုပ်ကိုင်နေသူများက စီစဉ်ဆောင်ရွက်သော အရာခပ်သိမ်း
- သင်ယူလေ့လာသူတို့က ကျောင်းတွင်တွေ့ကြုံရမည့် အတွေ့အကြုံ အစဉ်အဆက်
- ကျောင်းတက်ခြင်းကြောင့် သင်ယူလေ့လာသူတို့ရရှိသော အတွေ့အကြုံများ
- ကျောင်းသင်ကြားမှုစံနစ်တွင် သင်ကြားလေ့လာရမည့် သင်ရိုးနှင့် လေ့လာမှု

# ED 108 (4)

- ကျောင်းစံနစ်တွင် သင်ယူရမည့် သင်ရိုးအကြမ်းဖျင်း

- ကြိုတင်စီစဉ်ထားသော၊ ကြိုတင်စီစဉ်ထားမှု မပါသော ဆက်စပ်မှုများ၊ ပါဝင်သော အရာများ၊ ကျွမ်းကျင်မှုများ၊ အလုပ်သဘော သဘာဝများ၊ စီစစ်ရေးဆိုလိုချက်များ၊ စီစစ်ပုံနည်းလမ်းများ၊ သဘောထားများ၊ အတန်းထဲတွင် သင်ကြားသော/သင်ကြားရေးဆိုင်ရာ မဟာဗျူဟာ နည်းဗျူဟာများ၊ ကျောင်းသားများ၏ အနာဂါတ်နှင့် လက်ရှိပညာရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ ကိုယ်ကာယ တိုးတက်ရေး၊ အပေါ်သြဇာ သက်ရောက်သော ကျောင်းတွင်း၊ကျောင်းပြင် လှုပ်ရှားမှုအားလုံး။

# ED 108 (5)

**<u>သင်ရိုးညွှန်းတမ်း၏ အဓိပ္ပါယ်</u>**

- သင်ရိုးညွှန်းတမ်းဆိုသည်မှာ လုပ်ရှားနေသော လူမှုအသိုင်းအဝိုင်းတွင် တိုးတက်လိုအပ်လာသော လုပ်အားဟု အသစ် (သို့) တိုးတက်သော လုပ်အားထုအတွက် ပညာရေး၊ လေ့ကျင့်သင်ကြားရေးအတွက် ပြည့်စုံစွာ ပါဝင်သော ကြိုတင်စီစဉ်မှု အစီအစဉ် ဖြစ်သည်။

# ED 108 (6)

## <u>သင်ရိုးညွှန်းတမ်းအမျိုးအစားများ</u>

- လူမှုရေး
- သတင်းအချက်အလက် စီစဉ်ကူးပြောင်းခြင်း
- ကိုယ်ရေးကိုယ်တာ
- သဘောသဘာဝ

# ED 108 (7)

## သင်ရိုးညွှန်းတမ်းနှင့် မိတ်ဆက်ပေးခြင်း

- ကလေးကို ဦးတည်ဗဟိုပြုသော သင်ရိုးညွှန်းတမ်း
- လူမှုအဖွဲ့အစည်းကို ဗဟိုပြုသော သင်ရိုးညွှန်းတမ်း
- ဗဟုသုတကို ဗဟိုပြုသော သင်ရိုးညွှန်းတမ်း
- အကြံဉာဏ်ပေါ်ထွက်လာရန် နည်းပေါင်းစုံ၊ အရင်းအမြစ်တည်ရာနေရာပေါင်းစုံကို အခြေခံထားသော သင်ရိုးညွှန်းတမ်း

# ED 108 (8)

## ပညာရေးဆိုင်ရာ ဒဿနိက ဗေဒ

- မည်သည့်အရာသည် ဗဟုသုတနှင့် နားလည်မှုဖြစ်သနည်း။
- မည်သည့်အရာသည် သိမြင်ရန်တန်ဖိုးရှိသနည်း။
- လေ့လာခြင်းသည် မည်သည်ကို ဆိုလိုသနည်း။
- လေ့လာသင်ကြားမှုဖြစ်ပေါ်ခြင်းကို မည်သို့သိရှိသနည်း။
- ဆရာ၏အခန်းကဏ္ဍသည် အဘယ်အရာနည်း။
- ကျောင်းသား၏ အခန်းကဏ္ဍသည် အဘယ်အရာနည်း။
- မည်သည့်အရာသည်ပညာရေး၏ဆုံးခန်းတိုင် ရည်ရွယ်ချက်လုပ်ငန်းစဉ်ဖြစ်သနည်း။
- အဘယ်အရာများသည် အရင်းခံကျသော ပညာရေးတန်ဖိုးများ ဖြစ်သနည်း။

# ED 108 (9)

**သင်ရိုးညွှန်းတမ်းကို ချဉ်းကပ်မှုများ**

- အမှန်ကန်ဆုံးဖြစ်ပျက်လိုသော အရာများ အခြေခံချဉ်းကပ်ခြင်း Idealism
- တကယ်လက်တွေ့ဖြစ်နိုင်သောအရာများအခြေခံချဉ်ကပ်ခြင်း Realism
- သိပ္ပံနည်းကျ ဆက်စပ်မှုဖြင့် ပင်ကိုယ်ရေးတိုးတက်အောင်သင်ကြားသောဆရာများ အခြေခံချဉ်းကပ်ခြင်း Perennialism
- မရှိမဖြစ်လိုအပ်သော အရာများ အခြေခံကာချဉ်းကပ်ခြင်း Essentialism
- လက်တွေ့စမ်းသပ်နိုင်သော အရာများ အခြေခံကာ ချဉ်းကပ်ခြင်း Experimentalism
- လက်တွေ့တည်ရှိသော အရာများ အခြေခံကာ ချဉ်းကပ်ခြင်း Existentialism
- တည်ဆောက်သောအရာများ အခြေခံကာ ချဉ်းကပ်ခြင်း Constructivism
- ပြန်လည်တည်ဆောက်သော အရာများ အခြေခံကာ ချဉ်းကပ်ခြင်း Reconstructivism

# ED 108 (10)

## Idealism အမှန်ကန်ဆုံးသောအရာ

Subjective Idealism - သိရှိနိုင်သော အကြံဉာဏ်၊ လက်တွေ့ဖြစ်တည်နိုင်သော အရာ။

Transcendental Idealism - အမျိုးအစားများကိုလိုက်၍ စုစည်းထားသောဆက်စပ်မှုအကြောင်းခြင်းရာများကိုအခြေတည်သော ဗဟုသုတ

Absolute Idealism - အတွေးအခေါ်အယူအဆအချိုးနှင့် ထပ်တူညီမျှသော အရာအားလုံး၊ အတွေးအခေါ်အယူအဆ စနစ်၊ ရည်ရွယ်ချက်ဦးတည်ချက်ကို အခြေခံသော အမှန်ကန်ဆုံးသော အရာ၊ တကယ်လက်တွေ့ဖြစ်နိုင်သော အရာကို စိတ်တွင် အခြေတည်ခြင်း

Platonic Idealism - ပြည့်စုံသော အတွေးအခေါ်နှင့် ပုံစံများနယ်မြေ၊ ၄င်းအတွေးအခေါ်များသည် ကျွန်ုပ်တို့၏ ကမ္ဘာကို အရိပ်ပမာ လွှမ်းမိုးသည်။

- အမှန်ကန်ဆုံးသောအရာသည် ဉာဏ်ပညာ ပြည့်စုံမှုကို သန့်စင်စေသည်။ လူတစ်ဦး၏ စိတ်ထဲတွင် အမှန်တရားကို ဖြစ်ပေါ်စေသည်။ မှန်ကန်မှုသည် အတွေးအခေါ်အယူအဆနှင့် တဆက်တစပ်တည်းဖြစ်စေပြီး အမှန်တရားသည် ရရှိလိုသောအရာ၊ ကြီးပမ်းသောအရာ၏ အမှန်ကန်ဆုံးသော အနေအထားဖြစ်သည်။ ကျောင်းများအနေဖြင့် ကျောင်းသားများအတွေးအခေါ်ထက်မြက်လာအောင် ခြင့်ချိန်မှု ဥပမာများဖြင့်သင်ကြားပြီး သင်ရိုးတွင် ၄င်းတို့အခြေခံရမည်။

## အမှန်တကယ်ဖြစ်နိုင်ခြင်း Realism

Classical Realism - စကြ်ဝဠာသီးသန့်တည်ရှိသည်။ အရာခပ်သိမ်းသည် သူတို့ဘာသာ (သို့) ဘုရားသခင်၏အလိုအရဖြစ်ပေါ်သည်။

Meclieval Realism - ပုံမှန်ဖြစ်တည်ခြင်းနှင့် ဆန့်ကျင်ဖက်ဖြစ်သည်။

Modern Realism - ဒဿနိက ဆိုင်ရာအမှန်ကန်ဆုံးသော အရာကို တူညီစွာငြင်းပယ်ပြီးအရာများစွာ၏ လှုပ်ရှားကာ စုစည်းညီညွှန်မှု။

Realism - ပြင်ပကမ္ဘာရှိ အရာများသည် ထင်မြင်ထားသည်နှင့်ကင်းလွတ်စွာ တည်ရှိကြသည်။

Naïve Realism - ရှုပ်ထွေးမှုမဆောင်သော တကယ်ဖြစ်တည်ခြင်း။

- တကယ်ဖြစ်တည်ခြင်းအယူအဆသည် ကမ္ဘာလောကကို အရှိအတိုင်းယုံကြည်သည်။ ကျွန်ုပ်တို့ထိတွေ့နိုင်သောအရာ၊ လေ့လာစူးစမ်းနိုင်သောအရာပေါ်တွင် အမှန်တရားမူတည်သည်။ သဘာဝတရားအတိုင်း မှန်ကန်မှုဖြစ်တည်သည်။
- ထို့ကြောင့် ကမ္ဘာလောက၏ နည်းလမ်းစဥ်ဖြစ်တည်မှု အစီအစဥ်ကို ကျောင်းများက သင်ကြားရန်လိုသည်။ သတင်းအချက်အလက်များကို ကျောင်းသားများကို သင်ကြားပေးရမည်။

**Perennialism**

(၁) အမြဲတမ်းဖြစ်ခြင်းသည် အပြောင်းအလဲထက်ပိုမိုပြီးအမှန်တကယ်ဖြစ်သည်။

(၂) လူသားတို့၏ သဘာဝသည် မရှိမဖြစ်တူညီမှုရှိသည်။

(၃) ကောင်းသောဘဝ - လူသားတို့နေထိုင်ရန်သင့်တော်သောဘဝ - သည်လည်းမရှိမဖြစ် တူညီသည်။

(၄) ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံများသည်လည်း မရှိမဖြစ် တူညီကြသည်။

(၅) လူသားတို့ရရှိလိုသော ပညာရေးသည်လည်းမရှိမဖြစ်တူညီကြသည်။

- ပညာရေးသည်သင်ကြားမှုအပေါ် အခြေခံသည်။ သင်ကြားမှုသည် ဗဟုသုတအပေါ်အခြေခံကာ၊ ဗဟုသုတသည်လည်း အမှန်တရားအပေါ်အခြေခံသည်။ အမှန်တရားသည် နေရာတိုင်းတွင် တူညီမှုရှိသည်။ ထို့ကြောင့် နေရာတိုင်းတွင် ပညာရေးသည်တူညီကြသည်။
- ၄င်းသည်ရှေးရိုးစဉ်လာနှင့် ပြောင်းလွယ်ပြင်လွယ် မရှိသော ပညာရေးဒဿနိက ဖြစ်သည်။ အမှန်တရားသည် ဘုရားသခင်နှင့် ဆက်စပ်နေသော အခြေခံအတည်ပြုထားသည့် အမှန်တရားများမှ လာသည်။ လူသားတို့အနေဖြင့် ကျိုးကြောင်းခြင့်ချိန်မှုနှင့် အမှတ်တရားကို ထုတ်ဖော်ပြသခြင်းဖြင့် အမှန်တရားကို တွေ့ရှိမည်။
- ၄င်းအယူအဆကို အခြေခံကာ ကျိုးကြောင်းများနှင့် ဘုရားသခင်အလိုဆန္ဒတို့ကို သင်ကြားကြသည်။ ကျောင်းသားများကို စနစ်တကျ တည်ဆောက်ထားသော သင်ခန်းစာများ၊ လက်တွေ့ပြသမှုများ ကျိုးကြောင်းခြင့်ချိန်မှု ပြုလုပ်နိုင်အောင် သင်ကြားကြသည်။

# ED 108 (13)

**Essentialism (မရှိမဖြစ် ဖြစ်တည်သောအရာ)**

- အမေရိကန်၏ပညာရေး ဒဿန အပေါ်အခြေခံပြီး ၁၉၃၀- ၁၉၄၀ များတွင် ထုတ်ဖော်ခဲ့သော အယူအဆဖြစ်သည်။ ကလေးအပေါ်အခြေ တည်ထားသော ပညာရေးတွင် ကျောင်းသားများသည် ကျောင်းများတွင်သင့်တော်သော ဗဟုသုတကို မရရှိဟူသော စိုးရိမ်မှုအပေါ် အခြေ တည်ထားသည်။
- မရှိမဖြစ်ဖြစ်တည်ခြင်း၏ အခြေခံ ၂ချက်သည် ဖြစ်တည်သင့်သောအရာနှင့် အမှန်တကယ်တည်ရှိသောအရာတို့ဖြစ်ကြသည်။
- မရှိမဖြစ်လိုအပ်မှုကို လက်ခံယုံကြည်သူတို့က ယုံကြည်ကြသည်မှာ ပညာရှိသော သူတို့သည် အရေးပါသော သတင်းအချက်အလက်နှင့် စွမ်းရည်တို့ကို ပိုင်ဆိုင်သင့်ကြသည်ဟု ယုံကြည်ကြ၏။

# ED 108 (14)

**Experimentalism (လက်တွေ့သဘောတရား)**

- လက်တွေ့သမားတို့က ယုံကြည်ကြသည်မှာ အရာများသည် ပုံမှန်ပြောင်းလဲနေကြသည်။ အမှန်တရားသည်လည်း လက်တွေ့အတွေ့အကြုံအပေါ် အခြေတည်သည်။ ၄င်းတို့က ယုံကြည်သည်မှာ အမှန်တရားသည် ယခုဘာလုပ်ရမည်။ ကောင်းမွန်သောအရာသည်လည်း အများဆုံးအုပ်စု ဆုံးဖြတ်ချက်မှ လာသည်ဟု ယုံကြ၏။
- ထို့ကြောင့် ကျောင်းများသည် ကျွနိုပ်တို့နေထိုင်သော လူမှုအဖွဲ့အစည်းကို တွေ့မြင်သိမြင်လာရန်၊ တိုးချဲ့ရန်သင်ကြားကြရမည် ဖြစ်သည်။
- ကျောင်းသားများကို လူမှုအတွေ့အကြုံရစေပြီး ပြဿနာများကို ဖြေရှင်းစေသည်။

# ED 108 (15)

**Existentialism (ဖြစ်တည်ခြင်း)**

- ဖြစ်တည်ခြင်းသည် ကမ္ဘာလောကကို ကိုယ်တိုင်အဓိပ္ပါယ်ပြန်ဆိုခြင်းဟု ယုံကြည်ကြသည်။
- တစ်ဦးချင်းစီသည် လက်တွေ့ဘဝ၊ အမှန်တရားနှင့် ကောင်းမွန်မှုတို့ကို အဓိပ္ပါယ် သတ်မှတ်ကြသည်။
- ကလေးများကိုသူတို့ကိုယ်တိုင်သိမြင်လာပြီး လူမှုအသိုင်းအဝိုင်းတွင် သူတို့၏ နေရာကို သိမြင်စေလိုကြသည်။
- ကျောင်းသားများသည် သူတို့လိုတာကိုလေ့လာပြီး ဘာသာရပ်ကို လွတ်လပ်စွာဆွေးနွေးကြသည်။
- တိုးချဲ့တီထွင်သော ကိုယ်တိုင်လမ်းညွှန်မှု၊ မိမိဘာသာလမ်းညွှန်ရွေးချယ်ပြီး တွေ့ရှိစေမှုကို အခြေခံသောလေ့လာသင်ယူခြင်း။

## Constructivism (ဖွဲ့စည်းတည်ဆောက်မှု အခြေခံလေ့လာခြင်း)

- သင်ယူလေ့လာခြင်းသည် အတွေ့အကြုံအသစ်ကို လက်ခံနေရာချနိုင်စေရန် ကျွန်ုပ်တို့၏ စိတ်ပိုင်းဘာဝပုံစံကို ချိန်ညှိခြင်းလုပ်ငန်းစဉ်ဖြစ်သည်။
- သင်ယူလေ့လာခြင်းသည် အဓိပ္ပါယ်ကိုရှာဖွေခြင်းဖြစ်သည်။ အဓိပ္ပါယ်ဖော်ရန် တစ်ခုလုံး(သို့)တစိတ်တဒေသကို နားလည်ရန်လိုသည်။
- ကျောင်းသားများသည် ကမ္ဘာလောကကို မည်ကဲ့သို့သိမြင်လက်ခံသော စိတ်သဘာဝပုံစံကို ကျွန်ုပ်တို့ နားလည်ရမည်။
- သင်ယူခြင်း၏ လုပ်ငန်းဆောင်တာသည် တဦးချင်းစီက သူ (သို့)သူမ၏ ကိုယ်ပိုင်အဓိပ္ပါယ်ကို တည်ဆောက်ခြင်းဖြစ်သည်။ တစုံတရာ၊ တစုံတဦးက ပေးသော အဓိပ္ပါယ်နှင့် အမှန်အဖြေကို မှတ်မိနေစေခြင်းမဟုတ်။
- ထို့ကြောင့် နားလည်အောင် ဆက်စပ်စဉ်းစားတတ်အောင် သင်ရိုးညွှန်းတမ်းကို စီစဉ်ရေးဆွဲရန် လိုသည်။

ED 108 (17)

**Reconstructivism (ပြန်လည်တည်ဆောက်ခြင်း)**

- လူမှုဘဝပြောင်းလဲမှု၏ ကိုယ်စားလှယ်များ ဖြစ်လာစေရန် အရေးပါသော ကိရိယာများကို ကျောင်းသားများကို ဖြည့်ဆည်းပေးရန် အဓိက ဦးတည်ချက်ထားသည်။ ဆန့်ကျင်နေသော အချက်များ၊ သရုပ်ခွဲခြားလေ့လာသုံးသပ်ခြင်း၊ ကမ္ဘာ့အဖြစ်အပျက်များကို သရုပ်ခွဲခြား လေ့လာသုံးသပ်သည်။

**Progressivisim**

- ကျောင်းသားများကို ကျိုးကြောင်းလျော်ညီစွာ တွေးတောတတ်ရန် ကူညီသည်။ ကျောင်းသားအပေါ်အခြေခံသော လေ့လာသင်ကြားမှုဖြစ် သည်။ ပြဿနာကို အခြေခံကာ ဖြစ်ပျက်မှုများ၊ အကြောင်းအကျိုးတို့ကို ကျိုးကြောင်းလျော်ညီစွာ တွေးတောအဖြေရှာခြင်း ဖြစ်သည်။

# ED 108 (17)

## Postmodernism

- လုံးဝမှန်ကန်နေသော အရာမရှိကြောင်းကျောင်းသားများကို အသိအမှတ်ပြုလာရန် ကူညီမှုကို အဓိကထားသည်။ လွှမ်းမိုးနေသော ယဉ်ကျေးမှု ဓလေ့ထုံးစံ၏ ရှေးရိုးစဉ်လာ အယူအဆများကို ဖြုတ်သိမ်းရမည်။ ဖျက်သိမ်းမှုကို အဆိုပြုပြောဆိုချက်တင်ပြချက်များဖြင့်ပြုသည်။

## Behaviourism

- လွတ်လပ်သော အယူအဆစိတ်ဆန္ဒကို အခြေခံပြုရှင်းလင်းပြသသည်။ ကျောင်းသားများ၏ သင်ယူလေ့လာခြင်းနှင့် သဘောသဘာဝသည် သူတို့၏ အမူအကျင့်ပုံစံကို ပြောင်းလဲပုံဖော်သည်။

# ED 108 (18)



(၁) ရှင်းလင်းရေးသားထားသော သင်ရိုးညွှန်းတမ်း ( Written Curriculum)

(၂) လူမှု အဖွဲ့အစည်းကို အခြေခံသော သင်ရိုးညွှန်းတမ်း (Societal Curriculum)

(၃) ဖုံးကွယ်ထားသော သင်ရိုးညွှန်းတမ်း ( Hidden Curriculum)

(၄) ပါဝင်သော အရာများမရှိသည့် သင်ရိုးညွှန်းတမ်း (Null Curriculum)

(၅) အကောင်အထည်မရှိသော သင်ရိုးညွှန်းတမ်း (Phantom Curriculum)

(၆) တွဲဖက်တည်ရှိသော ပူးတွဲဖြစ်ပေါ်နေသော သင်ရိုးညွှန်တမ်း (Concomitant Curriculum)

(၇) ရေးသားပြောဆိုမှု အရည်အချင်းတိုးတက်အောင် သင်ကြားပေးသော သင်ရိုးညွှန်းတမ်း (Rhetorical Curriculum)

# ED 108 (19)

(၈) အသုံးပြုနေသော သင်ရိုးညွှန်းတမ်း (Curriculum in use)

(၉) လက်ခံရရှိသော သင်ရိုးညွှန်းတမ်း (Received Curriculum)

(၁၀) အတွင်းအရည်အချင်းတိုးတက်အောင် လေ့ကျင့်ပေးသော သင်ရိုးညွှန်းတမ်း (Internal Curriculum)

(၁၁) အီလက်ထရောနစ် သင်ရိုးညွှန်းတမ်း (Electronic Curriculum)

(၁၂) ကျွမ်းကျင်မှုအပေါ် အခြေခံလေ့ကျင့်ပေးသော သင်ရိုးညွှန်းတမ်း (Competency Curriculum)

# ED 108 (20)

**သင်ရိုးညွှန်းတမ်း သို့ အစပျိုးပြောင်းလဲစေခြင်း**

- ကလေးကို ဗဟိုပြုခြင်း (Child Centered)
- လူမှုပါတ်ဝန်းကျင်ကို ဗဟိုပြုခြင်း (Society centered)
- ဗဟုသုတကို အခြေခံခြင်း (Knowledge centered)
- အရင်းအမြစ်နေရာများစွာမှ အစိတ်အပိုင်းများကို ပေါင်းစည်းပြီးတစုံတခုကို ပြုလုပ်မှုကို အခြေခံသော သင်ကြားမှုပြုခြင်း (Eclectic)

# ED 108 (23)

<u>Overt, explicit, written curriculum (ရေးသားဖော်ပြထားသော သင်ရိုးညွှန်းတမ်း)</u>

- ကျောင်းတက်သောအတွေ့အကြုံများကို လက်ခံနိုင်သော တရားဝင်ပုံသဏ္ဍာန်၊ ပုံစံဖြင့်ရေးသားထားသော သင်ရိုးညွှန်းတမ်းဖြစ်သည်။
- သင်ရိုးညွှန်းတမ်းအထောက်အထားများ၊ ဖတ်စာအုပ်များ၊ ရုပ်ရှင်များ၊ သင်ကြားသောပစ္စည်းများကို ထိန်းချုပ်မှုမပါဘဲ စုဆောင်းကာ ကျောင်းတွင်ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ရှင်းလင်းညွှန်ကြားမှုကို ထောက်ကူပြုရန် စီစဉ်ထားသည်။
- ရေးသားချက်ကိုနားလည်မှုကို သာ ကန့်သတ်ထားပြီး လမ်းညွှန်မှု၊ ညွှန်ကြားမှုများကို စီမံခန့်ခွဲသူများ၊ သင်ရိုးညွှန်တမ်း ညွှန်ကြားသူများနှင့် ဆရာများက စုပေါင်းပြီး ပြန်လည်သုံးသပ်ကြသည်။

# ED 108 (24,25)

**လူမှုအဖွဲ့အစည်းကို အခြေပြုထားသော သင်ရိုးညွှန်းတမ်း**

- ကျွန်ုပ်တို့၏ ဘဝ တလျှောက်တွင် ကျွန်ုပ်တို့ကို ပညာပေးသော အစုအပုံလိုက်၊ ဆက်လက်ဖြစ်နေသော တရားဝင်ပုံစံမရှိသော မိသားစု များ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ပတ်ဝန်းကျင်များ၊ ဘုရားကျောင်းများ၊ အဖွဲ့အစည်းများ၊ အလုပ်အကိုင်များ၊ သတင်းဌာနများ၊ အခြား လူမှုပေါင်းဆက်ဆံရေးများက သင်ကြားသော သင်ကြားမှုများ စုခြုံထားသည့် သင်ရိုးညွှန်းတမ်း။

ED 108 (26)

**Null Curriculum (ပါဝင်သော အရာမရှိသည့် သင်ရိုးညွှန်းတမ်း)**

- သင်ကြားမှုမရှိ၊ ၎င်းအစိတ်အပိုင်းများသည် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းတွင် (သို့) ကျောင်းသားများ၏ ပညာရေးအတွေ့အကြုံများတွင် အရေးမကြီးကြောင်း သတင်းအချက်အလက်ကို ပေးခြင်း၊

# ED 108 (27)

- Null Curriculum ကိုကျောင်းခန်းထဲတွင်သင်ကြားမှုမရှိ။
- ဘယ်လို၊ ဘယ်နေရာမှာ၊ ဘယ်သူတွေဟာ ရေးထားသော သင်ရိုးညွှန်းတမ်းတွင်ပါဝင်ရမည်။ (သို့) ပါဝင်ရန် မလိုဟုသော ဆုံးဖြတ်ချက် ကို ပြုခြင်းဖြစ်သည်။
- အရာခပ်သိမ်းကိုကျောင်းတွင်သင်ကြားရန်မဖြစ်နိုင်သဖြင့် များစွာသောခေါင်းစဉ်များနှင့် ဘာသာရပ်ဧရိယာများကို ရေးသားထားသော သင်ရိုးညွှန်းတမ်းမှ ထုတ်ပယ်ရမည်။
- အချို့သော ဘာသာများ၊ ခေါင်းစဉ်များသည် ရေးသားထားသော သင်ရိုးညွှန်းတမ်းတွင် မပါဘဲကျောင်းသားများကို အချို့သော အကြောင်းအရာများ၊ နည်းလမ်းစဉ်များသည် လေ့လာသင်ကြားရန်လုံလောက်သော အချက်မရှိရဟု သတင်းအချက်အလက်ကို ကျောင်းတွင် လုပ်ကိုင်သူ တာဝန်ရှိသူများက ပေးပို့ အသိပေးကြသည်။
- ထို့ကြောင့် ကျောင်းတွင် နားလည်သော်လည်း တိုက်ရိုက်မဖော်ပြသည့် ကောင်းစွာသတ်မှတ်ထားသော နည်းလမ်းအစီအစဉ်ရှိကြောင်း သတိမပြုမိပါက ဖုံးကွယ်ထားသော သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်၍လည်းထိုကဲ့သို့ အရေးမကြီးကြောင်း သတင်းကို ပို့တတ်ကြသည်။

# ED 108 (28)

Phantom Curriculum (အကောင်အထည်မရှိသော သင်ရိုးညွှန်းတမ်း)

- ကျောင်းသားများကို ကြီးစိုးနေသော ယဉ်ကျေးမှုသို့ ပေါင်းစည်းသိမ်းသွင်းခြင်း
- ကျောင်းသားများကို ပိုမိုကန့်သတ်ကျဉ်းမြောင်းသော မျိုးဆက်၏ ဆင်းသက်ပေါက်ဖွားလာသော ယဉ်ကျေးမှုများသို့ ပေါင်းစည်းသိမ်းသွင်းခြင်း

## ED 108 (29)

**Concomitant Curriculum (တွဲဖက်တည်ရှိမှုကို ဖော်ပြသော သင်ရိုးညွှန်းတမ်း)**

- မိသားစု အတွေ့အကြုံများ၊ မိသားစုက ကန့်သတ်ထားမှု ဆက်နွယ်သော အတွေ့အကြုံများကို အဓိကဦးတည်ထားသော သင်ကြားမှုများ
- (ဘာသာရေးဖော်ပြမှု၊ တန်ဖိုး၊ ကျင့်ဝတ်၊ အကျင့်စာရိတ္တ၊ သဘောသဘာဝ၊ မိသားစုဦးစားပေးမှု အပေါ် အခြေခံသော လူမှုရေးအတွေ့အကြုံများ ပါဝင်နိုင်သည်။)

## ED 108 (30)

**Rhetorical Curriculum (တွေးခေါ်မှုရေးသားမှုကို တိုးတက်အောင်လေ့ကျင့်ပေးသော သင်ရိုးညွှန်းတမ်း)**

- ပေါ်လစီထုတ်ဖော်သူများ၊ ကျောင်းတာဝန်ရှိပုဂ္ဂိုလ်များ၊ စီမံခန့်ခွဲသူများ၊ နိုင်ငံရေးသမားများ၏ အကြံဉာဏ်များမှ ဖွဲ့စည်းတည်ဆောက်ထားသော သင်ရိုးများဖြစ်သည်။
- ဆက်စပ်မှုများဖော်ဆောင်ခြင်းနှင့် ဆက်စပ်မှုများကို ပြောင်းလဲသော အလုပ်များကို လုပ်ကိုင်ကြသောသူများက စီစဉ်ပေးသော သင်ရိုးညွှန်းတမ်းဖြစ်သည်။
- အမျိုးသား၊ တိုင်းပြည်၊ အများပြည်သူတို့ကို ပြောဆိုမှုများကို အခြေခံပြီး ရရှိလာသော ဆုံးဖြတ်ချက်များကို ပညာရေးဆိုင်ရာ အကောင်အထည် ပြုရာမှ ထွက်ပေါ်လာသော သင်ရိုးညွှန်းတမ်းများဖြစ်သည်။
- ဟောင်းနွမ်းနေသောပညာရေးကျင့်စဉ်ကို ဝေဖန်ထောက်ပြသော စာပေများမှ အခြေတည် တည်ဆောက်ထားသော သင်ရိုးညွှန်းတမ်းများဖြစ်သည်။
- သင်ကြားမှု ဗဟုသုတ အသစ်များကို ဖော်ထုတ်သော ထုတ်ဝေသည့်စာအုပ်စာတမ်းများမှ ဖြစ်ပေါ်လာသော သင်ရိုးညွှန်းတမ်းများဖြစ်ကြသည်။

# ED 108 (31)

## Curriculum in use (အသုံးပြုနေသော သင်ရိုးညွှန်းတမ်း)

- တရားဝင်ရေးသားသော သင်ရိုးညွှန်းတမ်းသည် ဖတ်စာအုပ်များ သင်ရိုးညွှန်းတမ်းလမ်းညွှန်မှုများတွင် ပါဝင်သည်များကို စုစည်းထားသော်လည်း ၎င်းတရားဝင်အချက်အလက်များကို ထပ်ဖန်တလဲ သင်ကြားမှုမပြုပေ။
- အသုံးပြုနေသော သင်ရိုးညွှန်းတမ်းသည် ဆရာတစ်ဦးချင်းစီက သင်ကြားတင်ပြသော တကယ်လက်တွေ့သင်ရိုးညွှန်းတမ်းဖြစ်သည်။

# ED 108 (32)

Reveived Curriculum (လက်ခံရရှိသော သင်ရိုးညွှန်းတမ်း)

- ကျောင်းသားများသည် စာသင်ခန်းပြင်ပသို့ တကယ်တမ်း ယူဆောင်သွားနိုင်သော အရာများကို သင်ကြားပို့ချသည့် သင်ရိုးညွှန်းတမ်း ဖြစ်သည်။
- ၄င်းဆက်စပ်မှုများနှင့် ပါဝင်မှုများကို တကယ်တမ်းလေ့လာပြီး မှတ်မိသော သင်ရိုးဖြစ်သည်။

# ED 108 (33)

Internal Curriculum (အတွင်း သင်ရိုးညွှန်းတမ်း)

- ဗဟုသုတ အသစ်ကို တည်ဆောက်ရန် သင်ယူသူအနေဖြင့် လုပ်ငန်းစဉ်များ၊ ပါဝင်သော အချက်အလက်များ၊ ဗဟုသုတ များကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ သင်ယူသူတဦးချင်းစီတွင် ၎င်းတို့ကို ပိုင်ဆိုင်ပြီးဖြစ်သဖြင့် သင်ကြားသူများအနေဖြင့် သင်ယူသူတို့တွင် ဖြစ်တည်နေသော အရာကို ထိန်းချုပ်နိုင်မှု အနည်းငယ် သာရှိသောကြောင့် ၎င်းသင်ရိုးညွှန်းတမ်းကို သတိထားသင့်သည်။

ED 108 (34)

**Electronic Curriculum (အီလက်ထရောနစ် သင်ရိုးညွှန်းတမ်း)**

- အင်တာနက်ကို ရှာဖွေခြင်း၊ ဆက်သွယ်ရေးကို အီလက်ထရောနစ်ပုံစံဖြင့် အသုံးပြုခြင်း
- တရားဝင်ပုံစံဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ၊ အင်တာနက် သင်ခန်းစာများ၏ ရေးသားသည်၊ မရေးသား၊ ကောင်းသည်၊ ဆိုးသည်၊ မှန်ကန်သည်၊ မမှန်ကန်ဟူသော အမြင်များသည် တဦးချင်းစီ အမြင်ဖြစ်သည်။
- အပျင်းပြေ (သို့) စကားပြောရန်၊ သတင်းပို့ရန်၊ on line စကားပြောရန်၊ E mail ပို့ရန် သုတေသနသတင်းအချက်အလက်များရှာဖွေရန် အင်တာနက်ကို သုံးကြသည်။

# ED 108 (35)

- ၄င်းကဲ့သို့သင်ရိုးညွှန်းတမ်းမှ ဘယ်အချက်ကို စဉ်းစားခြင့်ချိန်သုံးစွဲမည်။ အီလက်ထရောနစ်အချက်အလက်တို့ကို မည်ကဲ့သို့ တိကျမှန်ကန်မှု ဝေဖန်မည်။ အီလက်ထရောနစ်ပင်ရင်းမှ ရရှိသည်တို့ကို တိကျမှု မည်သို့စစ်ဆေးမည်ကို ပြုရန်လိုအပ်သည်။

# ED 108 (36)

- အချို့သော အချက်အလက်တို့ကို သင့်တော်သည်။ လျော်ကန်သည် ကို လည်းဂရုတစိုက် စီစစ်ရန်
- အချို့သော သင်ခန်းစာများကို သင့်တော်သော အမှုအကျင့်ဖြင့် on line မှ လေ့လာနိုင်သည်။
- တရားမျှတစွာ အသုံးပြုမှုနှင့် ကူးချမှုတို့၏ ကွဲပြားခြားနားချက်ကိုလည်းသိရန်။

ED 108 (37)

**ကျွမ်းကျင်မှုကို အခြေခံသော သင်ရိုးညွှန်းတမ်း**

- ကျွမ်းကျင်မှုများ ဖွဲ့စည်းပါဝင်သည်။
- သင်ရိုးညွှန်းတမ်း၏ နှစ်စဉ်သင်ကြားမှုများထဲသို့ စစ်ဆေးမှု၊ ရရှိအောင်မြင်သော ကျွမ်းကျင်မှုများကို ထဲ့သွင်းပေါင်းစပ်ထားက ပြီးဆုံး အောင်မြင်သော အခါ ကျွမ်းကျင်မှု မှတ်တမ်းကို ထုတ်ပေးသည်။

# ED 108 (38)

**သင်ရိုးညွှန်းတမ်း၏ အဆင့်များ**

- မူလ
- တဆင့်ခံ (အထွေထွေပညာရေးလေ့လာမှု၊ အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းပညာ)
- အထက်တန်းပညာ (အထွေထွေ ပညာရေး၊ ပညာရှင်ဆိုင်ရာကျွမ်းကျင်မှု ပညာ)

# ED 108 (39)

<u>သင်ရိုးညွှန်းတမ်းကိုပြသနေသော အချက်များ</u>

- အခြေခံလိုအပ်ချက်များ
- လူမှုရေးဆိုင်ရာအချက်များ
- ယဉ်ကျေးမှုဆိုင်ရာအချက်များ
- တစ်ဦးချင်းစီ ထူးချွန်ချက်များ
- လိုလားအပ်သောအချက်များ၊ ပညာရည်စွမ်းရည်၊ အကျင့်စာရိတ္တ၊ အလုအအပ၊ ဘာသာရေး စသဖြင့်
- ရှေးရိုးစဉ်လာ ဓလေ့စရိုက်

# ED 108 (40)

<u>သင်ရိုးညွှန်းတမ်းရေးဆွဲရေး အဆင့်များ</u>

- ကြိုတင်စီစဉ်ခြင်း
- ပြင်ဆင်ခြင်း
- ပုံစံပြုခြင်း
- တိုးတက်ပြုလုပ်ခြင်း
- အသုံးပြုခြင်း
- စီစစ်သုံးသပ်ခြင်း
- တိုးတက်စေခြင်း

# ED 108 (41)

**<u>သင်ရိုးညွှန်းတမ်းကိုကြိုတင်စီစဉ်ခြင်း</u>**

- ဒဿနိကဗေဒ
- လူမှုရေးရာအင်အားစွမ်းအားစုများ၊ လိုအပ်ချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ၊ ဦးတည်ချက်များ
- ဗဟုသုတကို ပြုပြင်အသုံးချခြင်း
- လူသားတို့၏ တိုးတက်မှု
- သင်ကြားရေးနည်းလမ်းစဉ်နှင့် ညွှန်ကြားချက်များ
- ဆုံဖြတ်ချက်များ

# ED 108 (42)

<u>သင်ရိုးညွှန်းတမ်းကိုပြင်ဆင်ခြင်း</u>

- စံနစ်တကျ ၊ စံနစ် ဖြစ်စေရမည်။
- ပါဝင်သော ကိန်းဂဏန်းနှင့်အချက်အလက်များ
- ရွေးချယ်ချက်၊ စုဆောင်းချက်၊ စစ်ဆေးချက်
- ဖွဲ့စည်းမှု

ED 108 (43)

**<u>သင်ရိုးညွှန်းပုံစံပြုရာတွင် ပါဝင်သော အကျိုးသက်ရောက်စေသည့် အချက်များ</u>**

- ကျောင်းအမျိုးအစား\ အဆင့်၊ အမျိုးအစား ၊ ဖွဲ့စည်းတည်ဆောက်ပုံ
- ပညာရေးနည်းပညာ
- စံနစ်တကျရှိခြင်း
- အသက်မွေးဝမ်းကျောင်းဆန်ခြင်း
- လူမှုရေးရာပြန်လည် တည်ဆောက်ခြင်း

ED 108 (44)

**သင်ရိုးညွှန်းတမ်းကို ပုံစံပြုခြင်း**

- လူမှုရေးရာလိုအပ်ချက်ကို သရုပ်ခွဲခြားလေ့လာခြင်း
- လိုအပ်ချက်များကို သင်ရိုး၏ အထွေထွေအချက်အလက်များ၊ လေ့လာခြင်း၊ အဆုံးသတ် ရည်ရွယ်ချက်များသို့ ဘာသာပြန်ဆို ကူးပြောင်းယူခြင်း
- ရည်ရွယ်ချက်များကို သတ်မှတ်ထားသော ရည်ရွယ်ချက်များသို့ခွဲခြားခြင်း
- သတ်မှတ်ထားသော ရည်ရွယ်ချက်များကို ဘာသာရပ်သို့စုခြုံခြင်း
- အထက်ပါ အမျိုးအစားသတ်မှတ်ချက်များမှ ဘာသာရပ်ကို ထုတ်ဖော်ခြင်း
- ၄င်းလိုလားချက်၊ ရည်ရွယ်ချက်များပြည့်မီရန် သတ်မှတ်ခြင်း
- ဘာသာရပ်အကြောင်းအရာများကို ယူနစ်နံပါတ်တပ်ခြင်း
- လိုအပ်သောအချိန်ကို သတ်မှတ်ခြင်း
- သင်ရိုးညွှန်းတမ်း ထုတ်ဖော်ခြင်း

ED 108 (45)

<u>သင်ရိုးညွှန်းတမ်းကို တိုးချဲ့တည်ဆောက်ခြင်း အဆင့်များ</u>

- ညွှန်ကြားချက်များကို တိုးချဲ့တည်ဆောက်ခြင်း
- အသုံးပြုမည့်ပစ္စည်းများ ၊ သင်ကြားမည့် ကြားခံစံနစ်တိုးချဲ့တည်ဆောက်ခြင်း
- သင်ကြားနည်းနှင့် စစ်ဆေးခြင်း များ ပါဝင်ကြသည်။

# ED 108 (46)

**သင်ရိုးညွှန်းတမ်းဖွဲ့စည်းတည်ဆောက်ပုံ**

- နိဒါန်း
- အတိုင်းအတာ
- ရည်ရွယ်ချက်၊ ရည်မှန်းချက်
- လေ့လာရမည့် သင်ရိုး အပိုင်း ၁၊၂၊၃ ။ အဓိက ၊ တဆင့်ခံ အရေးကြီးချက်များ ၊ တခြားလေ့လာနိုင်သည်များ
- သင်ကြားလေ့လာနည်းများ
- သင်ကြားမည့် ကြားခံနယ်
- စီစစ်သုံးသပ်သော စံနစ်
- ထွက်ပေါ်လာမည့် ရလဒ်
- အလုပ် ၊ ဘဝ အတွေ့အကြုံကို ဆက်စပ်ခြင်းများ ပါဝင်ကြ၏။

ED 108 (47)

**သင်ရိုးညွှန်းတမ်းကိုတိုးချဲ့တည်ဆောက်ခြင်း**

- ဘာသာရပ်ပါယူနစ်များကို သင်ကြားလေ့လာရေး ထောက်ကူပြု အရင်းအမြစ်များသို့ ဆက်စပ်စေခြင်း
- သင်ရိုးသင်ကြားမှု ပြောင်းလဲမှုအတွက် သင့်တော်သော နည်းဗျူဟာ များကို ရွေးချယ်ခြင်း
- သင့်တော်သော သင်ကြားမှုကြားခံနယ်ကို အကြံပြုခြင်း
- သင့်တော်သော သင်ကြားရေးအတွေ့အကြုံများကို ရှာဖွေခြင်း
- ၄င်းအတွေ့အကြုံများအပေါ် မူတည်ပြီး ဦးတည်ချက်များပြည့်ဝစေခြင်းကို ဆက်လက် တိုးချဲ့စမ်းသပ်စစ်ဆေးခြင်း

# ED 108 (48)

**သင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံ**

- စုစြုံတိုးတက်ခြင်းတွင် ဘာသာရပ်၏ အခန်းကဏ္ဍ
- အထွေထွေနှင့် သတ်မှတ်ထားသော ရည်ရွယ်ချက်၊ ကျွမ်းကျင်မှု
- ပါဝင်သော အခန်းများ၊ ယူနစ်နံပါတ်၊ ယူနစ်၏ ရည်ရွယ်ချက် ၊ ရည်ရွယ်ချက်များ ရရှိစေခြင်း ၊ သင့်တော်သော အရင်းအမြစ်များ၊ ပြောင်းလဲမှုနည်းဗျူဟာများ၊ လေ့လာခြင်း အတွေ့အကြုံ၊ ကြားခံနယ်သုံးခြင်း ၊ တိုးတက်ပြီးကိုယ်တိုင်စမ်းသပ်စစ်ဆေးခြင်း၊ ပြီးစီးရန် အချိန်
- ဗဟုသုတ၊ ကျွမ်းကျင်မှု၊ အသုံးပြုသော ပစ္စည်းများ၏ အတိုင်းအတာ
- ကြားခံနယ်၊ နည်းပညာ
- စမ်းသပ်စစ်ဆေးခြင်း
- ကိုးကားမှုများ
- သင်ရိုးညွှန်းတမ်းပါ အခြားဘာသာရပ်များနှင့် ဆက်စပ်မှုများ

ED 108 (49)

**သင်ရိုးညွှန်းတမ်းကို အသုံးချခြင်း**

- Semester တစ်ခုတိုင်းတွင်ပြီးစီးရမည့် ဘာသာများအတွက် ညွှန်ကြားမှုအစီအစဉ်
- အချိန်ဇယားအတိုင်း သင်ခန်းစာများကို ကြိုတင်ပြင်ဆင်ခြင်း
- ကူးပြောင်းသော နည်းဗျူဟာများကို အသုံးပြုခြင်း
- သင့်တော်သော ကြားခံနယ်ကို အသုံးပြုခြင်း
- သင်ကြားလေ့လာရေး အရင်းအမြစ်များကို အသုံးချခြင်း
- အတန်းတွင်းလေ့လာသော အတွေ့အကြုံ များကို တိုးပွားစေခြင်း
- ဆက်လက်ပြီး တိုးချဲ့စစ်ဆေးခြင်း

# ED 108 (50)

**<u>သင်ရိုးညွှန်းတမ်းကို သုံးသပ်ခြင်း</u>**

- ကျောင်းအဖွဲ့အစည်းအတွင်း သင်ရိုးကို သုံးသပ်ခြင်း
- ကျောင်းသားများက ဆရာကို သုံးသပ်ခြင်း
- ဆရာက ကျောင်းသားများကို သုံးသပ်ခြင်း
- အသုံးပြုသောပစ္စည်းများကို သုံးသပ်ခြင်း
- ပြန်လည်စီစစ်အကဲဖြတ်ကာ အတည်ပြုခြင်း
- စီစစ်သုံးသပ်သော စစ်ဆေးချက်များ
- သက်ဆိုင်ရာဘာသာရပ်တွင် သင်ကြားမှု ခံယူသော ရလဒ်များ
- သင်ရိုးညွှန်းတမ်းကို သုံးသပ်ခြင်း ၊ တိုးတက်စေခြင်း ၊ အပြောင်းအလဲများပြုခြင်း၊ ပြန်လည်အသစ်ပြုခြင်း၊ တိုးချဲ့ခြင်း
- စံနစ်ကို ပြန်လှန် သုံးသပ်ခြင်းများ ပါဝင်ပါသည်။

ED 108 (51)

**မည်သည့်အရာသည် သုံးသပ်ခြင်းဖြစ်သနည်း။**

- သုံးသပ်ခြင်းဆိုသည်မှာ အသိပေးနိုင်သော ဆုံးဖြတ်ချက်တရပ်ကို ပြုလုပ်ရန်အတွက် စနစ်တကျ စုဆောင်းခြင်း၊ သရုပ်ပြခွဲခြားလေ့လာခြင်းနှင့် သတင်းအချက်အလက်ကို ဘာသာပြန်ဆိုသောအမြင်များဖြင့် ဆောင်ရွက်လုပ်ဆောင်မှုတစ်ခု၏ သဘောသဘာဝ၊ အကျိုးသက်ရောက်စေမှု နှင့် တန်ဖိုးတို့ကို မည်ကဲ့သို့ စီစစ်၊ စစ်ဆေးနိုင်ကြောင်းကို ရှင်းလင်းဖော်ပြခြင်းဖြစ်သည်။
- သုံးသပ်ခြင်းတွင်လုပ်ငန်းစဉ် (၃)ရပ်ပါဝင်သည်။
- ရှင်းလင်းပြတ်သားသော ရည်ရွယ်လုပ်ဆောင်ချက်ကို သတ်မှတ်ပြသခြင်း
- အထောက်အထားများကို စုဆောင်းခြင်း
- မှန်မမှန်ဆုံးဖြတ်မှုကို ပြုလုပ်ခြင်းတို့ဖြစ်သည်။
- သုံးသပ်ခြင်းသည် တိုးတက်မှုနှင့် တခြားစီ မဟုတ်ဘဲ တိုးတက်စေမှု၏ တစိတ်တဒေသ ဖြစ်သည်။

**သင်ရိုးညွှန်းတမ်းကို သုံးသပ်ခြင်း**

- သင်ရိုးညွှန်းတမ်းကိုသုံးသပ်ခြင်းသည် အကြမ်းအားဖြင့် ဖော်ပြရလျှင် ပစ္စည်းစားရင်းကောက်ယူခြင်းမျိုးဖြစ်သည်။
- သင်ရိုးညွှန်းတမ်းတစ်ခုကို နည်းလမ်းမျိုးစုံဖြင့်တည်ဆောက်နိုင်သည်။

- အချို့သောအလုပ်လိုအပ်ချက်များအတွက် လိုအပ်သည်ဟု ယူဆရမည်ဖြစ်သော သင်ရိုးများကို စုစည်းခြင်းအပေါ်တွင်မူတည်သည်။
- ဌာနတစ်ခုရှိအတတ်ပညာရပ်တခု၏ အခြေခံအချက်များအပေါ်တွင်မူတည်ပြီး ဖွဲ့စည်းတည်ဆောက်နိုင်သည်။
- ပညာရှင်(သို့) အတတ်ပညာရပ်ဆိုင်ရာ အစီအစဉ်တစ်ခု၏ လိုအပ်ချက်ကို ပြည့်မီရန်လည်း ပုံစံပြုတည်ဆောက်ထားသည်။
- ရလဒ်ကို စနစ်တကျသတ်မှတ်ချက်များ အပေါ်အခြေခံ၍လည်းတည်ဆောက်နိုင်သည်။
- ၄င်းကို အချိန်နှင့် လိုက်ပြီး အမြဲတစေ သုံးသပ်ရမည်။

# ED 108 (53)

**သင်ရိုးညွှန်းတမ်းကို သုံးသပ်ရန်အတွက်ချဉ်းကပ်မှုများ**

**ဦးတည်ချက်ကို အခြေခံခြင်း**

- ပညာရေးလေ့ကျင့်ရေးအစီအစဉ်များ၏ ကြိုတင်သတ်မှတ်ထားသောရည်မှန်းချက်များပြည့်မီမမီ သတ်မှတ်လုပ်ဆောင်ခြင်း

**လွတ်လပ်သော ဦးတည်ချက်**

- ဦးတည်ချက်ရှိသည့် ဆောင်ရွက်လေ့လာလိုသည့် အစီအစဉ်၏ ဦးတည်ချက်ကို စူးစိုက်လုပ်ဆောင်မှုကို မပြုသော ပညာရေး၊ လေ့ကျင့်ရေး အစီအစဉ်များ၏ ရလဒ်များကို တွေ့ရှိကာ အထောက်အထားပြုခြင်းဖြစ်သည်။

**ကြိုတင်သိမြင်မှုမရှိနိုင်သော အရာများကို တုန့်ပြန်ခြင်း**

- ညွှန်ကြားမှုမှာ ဘာကို ဖြစ်လိုသည်ကိုသတ်မှတ်ခြင်း နှင့်တကယ်တမ်းဖြစ်ပေါ်မှုကို တွေ့ရှိခြင်းကို နှိုင်းယှဉ်ခြင်း။

# ED 108 (54)

၄င်းချဉ်းကပ်မှုများကို သင်ရိုးညွှန်းတမ်းသုံးသပ်ရေးပုံစံများတွင် ဖော်ပြထားသည်။

**ဆုံးဖြတ်ချက်ပြုခြင်း**

- ဆုံးဖြတ်ချက်ပြုရန် ရည်ရွယ်ချက်ဆောင်ရွက်မှုအတွက် ပညာရေး၊ လေ့ကျင့်ရေး အစီအစဉ်များ အချက်အလက်များကို စုဆောင်းခြင်း။

**ပညာအရည်အချင်းဆိုင်ရာ အရည်အသွေးသတ်မှတ်မှုပြုခြင်း**

- ပညာရေး (သို့) လေ့ကျင့်ရေး အစီအစဉ်များတွင် အသုံးချသော နည်းလမ်းစဉ်တို့ကို ပညာဆိုင်ရာ ဆုံးဖြတ်သုံးသပ်မှုပြုခြင်းဖြစ်သည်။

# ED 108 (55)

- သင်ရိုးညွှန်းတမ်းကို လေ့လာသုံးသပ်မှုတွင် သင်ရိုးရိုးကလေးတစ်ယောက်၏ လုပ်ဆောင်ချက်များကို ခန့်မှန်းချက်မှ အစပြုကာ သင်ရိုးတစ်ခုလုံးကို သုံးသပ်ရန်အတွက် အသုံးပြုသော ညွှန်ကြားချက် ပစ္စည်းများ၊ နည်းလမ်းများ၊ လှုပ်ရှားဆောင်ရွက်မှုများ၊ နည်းနာနိသသယများကို သုံးသပ်မှုများအထိ ပါဝင်သည်။
- သင်ရိုးညွှန်းတမ်းကို အသေးစိတ်သုံးသပ်လေ့လာမှုတွင် သင်ရိုးညွှန်းတမ်းအစိတ်အပိုင်းများ၊ သင်ရိုးညွှန်းတမ်းတိုးချဲ့တည်ဆောက်မှုအဆင့်ဆင့်တွင် ဆုံးဖြတ်ချက်များကို ပြုလုပ်ရန် ပေးသော သတင်းအချက်အလက်များ၏ တန်ဖိုးရှိမှုတို့ကို လည်း အထူးပြုလေ့လာသုံးသပ်မှုများ ပါဝင်ကြသည်။

# ED 108 (56)

သုံးသပ်မှုနှင့် ပတ်သက်သော အမြင် (၃) ရပ်

- အလုပ်လုပ်ဆောင်မှုပုံစံ (Functional Model)
- အပြောင်းအလဲပြုလုပ်မှု ပုံစံ (Transitional Model)
- သုံးသပ်မှုအတွက် အရေးပါသော အချက်အလက်ပုံစံ (Critical Paradigms of Evaluation)

**အလုပ်လုပ်ဆောင်မှုပုံစံ**

- ကြိုတင်သတ်မှတ်ထားသော ရည်မှန်းချက်များနှင့် နှိုင်းယှဉ်ပြီးသင်ရိုး၏ရလဒ်ကို တိုင်းတာသည်။

# ED 108 (56)

## အပြောင်းအလဲပြုလုပ်မှုပုံစံ

- ၄င်းသည် လက်ရှိအခြေအနေများ လုပ်ငန်းရယူနေသူများ၊ ကျောင်းသားများ၊ တို့၏ ဖော်ပြသောလိုအပ်ချက်များတို့ပြည့်မှီ မမှီနှင့်၊ ပါဝင်လုပ်ဆောင်သူတို့၏ ကျေနပ်မှုကို သဘောတူညှိနိုင်းထားသော လေ့လာသင်ကြားရေးအချက်များက ပြည့်မှီ မမှီကို သုံးသပ်ခြင်းနည်းလမ်းဖြစ်၏။

## သုံးသပ်မှုအတွက် အရေးပါသော အချက်အလက်ပုံစံ

- သေးငယ်သော (သို့) ကျယ်ဝန်းသော အတိုင်းအတာတစ်ခုအတွက် ဦးတည်ချမှတ်ထားသော မေးခွန်းကို သဘောတူညီမှုရှိ မရှိ ပူးပေါင်း ပါဝင်ပြီး မေးမြန်းမှုများပါဝင်သည့် စီစစ်သုံးသပ်မှုလုပ်ငန်းစဉ်ဖြစ်သည်။
- ထို့ကြောင့် သုံးသပ်ခြင်းတွင် ပူးပေါင်းပါဝင်သုံးသပ်မှုများ၊ တိုးတက်မှုများ၊ ပေါ်လစီ၊ အစီအစဉ်လုပ်ငန်းစဉ်တို့အတွက် စနစ်တကျသင်ကြားရေးအဖွဲ့အစည်း၏ လေ့လာသင်ကြားမှုဖြစ်လာသည်။

# ED 108 (57)

**Alade ၏ ပုံစံ ၆ ခု**

၁။ အမျိုးအစားခွဲခြားမှုပုံစံ (Classical Model)

၂။ သုတေသနနှင့် တိုးတက်တည်ဆောက်မှုပုံစံ (Research and development Model)

၃။ ရှင်းလင်းဖော်ပြမှုပုံစံ (Illumination Model)

၄။ ဆုံးဖြတ်ချက်ချသူများကို ရှင်းလင်းသော ပုံစံ (Briefing Decision – Makers Model)

၅။ သုတေသနပြုသော ပညာရှင်များအနေဖြင့် ဆရာက ဆောင်ရွက်ခြင်းပုံစံ (Teacher as Research (Professional) Model)

၆။ ကိစ္စရပ်များကို လေ့လာသောပုံစံ (Case study Model)

# ED 108 (58)

**Olaitan ၏ ပုံစံ ၄ ခု**

အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာသုံးသပ်သောပုံစံဖြစ်သည်။

- ရှင်းလင်းဖော်ပြသောပုံစံ (Illumination Model)
- ဦးတည်ချက်ပန်းတိုင်ကို လွတ်လပ်စွာထားသောပုံစံ (Goal Free Model)
- ပါဝင်သော အချက်အလက်များ၊ ထဲ့သွင်းမှု၊ လုပ်ငန်းစဉ်ပုံစံ (The context (C) ,Input (I) , Process (P) CIP Model)
- ပြောင်းလဲမှုပုံစံ (Transactional Model)
- သင်ရိုးညွှန်းတမ်းကို သုံးသပ်လေ့လာခြင်းတွင် သုံးသပ်လေ့လာသော ကိန်းဂဏန်းအချက်အလက်များကို စုဆောင်းခြင်းအတွက် လမ်းညွှန်ချက်အဖြစ် အသုံးပြုရန် စိတ်ချရကြောင်းအထက်ပါတို့နှင့် ပတ်သက်၍ တွေ့ရှိရသည်။
- တခြားသောသုံးသပ်မှုပုံစံများသည် စာပေအထောက်အထားအနေဖြင့် ဆက်လက်တည်ရှိနေကြသော်လည်း နမူနာပုံစံသည် ဆက်စပ်မှုနည်းလမ်းစဉ်များအတွင်း တည်ရှိနေသော ဆက်နွယ်ပတ်သက်မှုများကို ဆက်စပ်မှုပြုခြင်းဖြစ်သည့် စိတ်ပိုင်းဆိုင်ရာ ပုံသဏ္ဌာန်ကို တင်ပြခြင်းနှင့် ဖွဲ့စည်းမှုတစ်ခုလုံးတွင် တခြားအရာများနှင့် မည်ကဲ့သို့အကြောင်းအကျိုးသက်ရောက်စေကြောင်း ပုံစံအနေ ဖြင့် ရှင်းလင်းစွာရှိနေသည်။

**CIPP ၏သုံးသပ်သောပုံစံ / CIPP Evaluation Model  (CACIIPPEM)**

CIPP သုံးသပ်သောပုံစံ သင်ရိုးညွှန်းတမ်းသည် သုံးသပ်သော ပုံစံနှင့် ချိန်ညှိမှု

r – သင့်တော်ခြင်းဆီလျော်ခြင်း (Relevance)

a – လိုအပ်ချက်၊ လုပ်ငန်းတစ်ခုအတွက်ကောင်းမွန်ခြင်း (Adequacy)

s – သင့်တော်ခြင်း (Suitability)

x – အခြားသော အချက်များ၊ အခြားသတ်မှတ်ချက်များ။

# ED 108 (60)

<u>**သင်ရိုးညွှန်းတမ်းကို သုံးသပ်သောပုံစံများ**</u>

- Robert Stake ၏ ဖော်ပြမှုပုံစံ (၁၉၆၇)
- Scriven ၏ လွတ်လပ်သော ရည်မှန်းချက်ပန်းတိုင်ပုံစံ (၁၉၇၀)
- Stenhouse ၏ သုတေသနပြုသောပုံစံ
- Tyler ၏ ဦးတည်ချက်ချမှတ်သောပုံစံ
- Parlett and Hamilton တို့၏ ရှင်းလင်းဖော်ပြသောပုံစံ (၁၉၇၇)
- Stake ၏ ဖော်ပြရှင်းလင်းမှု ကိန်းဂဏန်းအချက်အလက်တို့ကို ပုံစံပြုဆက်စပ်တည်ရှိသောပုံစံ
- Eisner ၏ ပညာရေးဆိုင်ရာ အရေးပါသော ဆုံးဖြတ်သုံးသပ်မှု (Educational Connoisseurship) ပုံစံ
- Stufflebeam ၏ သုံးသပ်သောပုံစံ (CIPP Model)

# ED 108 (61)

**Scriven ၏ လွတ်လပ်သော ဦးတည်ချက် ပန်းတိုင်ပုံစံ**

- နားလည်မှု၊ သင်ယူမှုတိုးတက်အောင် တည်ဆောက်ခြင်း (Formative) နှင့် အဆုံးသတ်အကျဉ်းချုပ်စုစည်း စစ်ဆေးခြင်း (Summative) တို့ကို မိတ်ဆက်ပေးသည်။
- သုံးသပ်မှုကို ပိုမိုကျယ်ပြန့်စေသည်။
- ပညာရေးဆိုင်ရာဦးတည်ချက်များကို သုံးသပ်သူက ဩဇာ မသက်ရောက်စေရန်ပညာရေးအစီအစဉ်တစ်ခု၏ ဦးတည်ချက်ပန်းတိုင်ကို သိရှိရန်မလို။
- သုံးသပ်သူသည် လုံးဝ လွတ်လပ်မှုရှိသည်။
- သုံးသပ်သူသည် နည်းလမ်းစဉ်များ၊ အဆင့်များ၊ ရလဒ်များ၊ ပါဝင်မှု မရှိသေးသည့် ပတ်သက်မည်ဟုမမျှော်လင့်ထားသည့် အကျိုးများတို့ကို လွတ်လပ်စွာ ကြည့်ရှုလေ့လာသည်။
- သင်ရိုးညွှန်းတမ်း၏ အချက်အလက်များကို စီစစ်မှု စာရင်းဇယားရှိသော်လည်း နည်းစနစ်သည် လွတ်လပ်ပွင့်လင်းမှုရှိသည်။

ED 108 (62)

**Tyler ၏ ဦးတည်ရည်မှန်းချက် ချမှတ်ထားသောပုံစံ**

- တိုင်လာ၏ အခြေခံသဘောတရားသည် စီစဉ်မှုနှင့် လုပ်ဆောင်မှုများ၏ အကျိုးထိရောက်မှုကို လေ့လာခြင်းနှင့် ပတ်သက်ဆက်နွယ်နေသည်။
- သင်ရိုးညွှန်းတမ်းတစ်ခုကို ကြိုတင်သတ်မှတ်ထားသော ရည်မှန်းချက်များနှင့် ယှဉ်ပြီးသုံးသပ်သည်။
- ဦးတည်ချက်ကို အခြေခံထားသော သင်ရိုးညွှန်းတမ်းပုံစံလိုအပ်သည်။
- ကျောင်းသားများ၏ ဆောင်ရွက်မှုနှင့် ဦးတည်ချက်အကြားသင့်တော်မှု၊ ကိုက်ညီမှုတို့ကို သုံးသပ်သည်။
- နည်းစနစ်သည် သုံးသပ်သူ၏ တိုင်းတာခြင်း ဟူသော စကားလုံးကို အဓိပ္ပါယ် ဖော်ဆောင်မှု အပေါ်တွင် တည်မှီနေသည်။ (အဆင့်အတန်း သတ်မှတ်ခြင်း)

# ED 108 (63)

**Stufflebeam ၏ CIPP ပုံစံ**

- သင်ရိုးညွှန်းတမ်းကို တိုးချဲ့တည်ဆောက်ခြင်းဖြစ်သည်။
- တိုးတက်တည်ဆောက်လိုက်သော အသုံးချသော သင်ရိုးညွှန်းတမ်း၏ ထိရောက်မှုကို တွေ့မြင်သည့် နည်းလမ်းစဉ်သည် CIPP သင်ရိုးညွှန်းတမ်း သုံးသပ်ခြင်းဖြစ်သည်။

# ED 108 (64)

ၐင်းချဉ်းကပ်မှုများသည် Stufflebeam နှင့် Shinkfield (1990) တို့တင်ပြသော သင်ရိုးညွှန်းတမ်း သုံးသပ်ရေး၊ သင်ရိုးညွှန်းတမ်းကို အမျိုးအစား ခွဲခြားရေးပုံစံများ အပေါ် အခြေတည်သည်။

**ဆုံးဖြတ်ချက်ချခြင်း**

- ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်ရေးအစီအစဉ်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို စုဆောင်းခြင်းဖြစ်သည်။

**အရည်အချင်းကို သတ်မှတ်လက်ခံခြင်း**

- ပညာရေး၊ လေ့ကျင့်ရေးအစီအစဉ်တစ်ခုတွင်း အသုံးချသည့် လုပ်ငန်းစဉ်တို့ကို ပညာရှင်ဆိုင်ရာ စဉ်းစားခြင့်ချိန် ဆုံးဖြတ်မှု ဖြစ်ပေါ်ရန် ပံ့ဖော်ခြင်းဖြစ်သည်။

# ED 108 (65)

**Stufflebeam ၏  CIPP ပုံစံ**

**ပါဝင်သော အချက်များ**

**စီစဉ်ပြင်ဆင်ဆုံးဖြတ်ချက်**

- မည်သည့်လိုအပ်ချက်များကို သတ်မှတ်ဖော်ပြမလဲ?
- အစီအစဉ်၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို အဓိပ္ပါယ် သတ်မှတ်ခြင်း

**ထဲ့သွင်းမှု**

- မည်သည့်အရင်းအမြစ်များရနိုင်သလဲ
- မည်သည့်အခြားနည်းဗျူဟာများကို စဉ်းစားသင့်သလဲ
- မည်သည့်အစီအစဉ်သည် လိုက်နာသုံးစွဲရန် အကောင်းဆုံးအခြေအနေရှိသလဲ

# ED 108 (66)

**<u>နည်းလမ်းစဉ်</u>**

ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်း

- အစီအစဉ်ကို ဘယ်လောက်ကောင်းကောင်း အကောင်အထည်ဖော်နိုင်သလဲ။
- မည်သည့်အရာများသည် ကန့်သတ်ချက်များဖြစ်သလဲ။
- မည်သည့်သုံးသပ်ချက်များလိုအပ်သလဲ။

**<u>ပေါ်ထွက်လာသောပစ္စည်း</u>**

ပြန်လည်အသုံးပြုရန်ဆုံးဖြတ်ချက်

- မည်သည့်ရလဒ်များရရှိသလဲ။
- ၎င်းတို့ကို လျှော့ချရန်လိုအပ်ပါသလား။
- ဤပရိုဂရမ်နှင့်ပတ်သက်ပြီး ဘာပြုလုပ်သင့်သလဲ။

# ED 108 (67)

**ပါဝင်သော အကြောင်းအချက်များကို သုံးသပ်ခြင်း**

- များစွာသော အခြေခံအချက်အလက်သုံးသပ်မှုများ
- **ရည်ရွယ်ချက်**

- ပါဝင်မည့်အကြောင်းအရာများနှင့် ပတ်သက်၍ ဘာကိုထဲ့သွင်းရန်၊ ဘာလုပ်ဖို့လိုသည်ကို အဓိပ္ပါယ် သတ်မှတ်ရန်။
- ဦးရေ အရေအတွက်ကို ထင်ရှားရှင်းလင်းစေရန်။
- လိုအပ်ချက်ကို စစ်ဆေးရန်
- ပြဿနာများကို အပြစ်ရှာဖွေရန်

- **နည်းလမ်း**

- စနစ်ကို သရုပ်ခွဲခြားလေ့လာခြင်း၊ တိုင်းတာခြင်း၊ အထောက်အထားများကို ပြန်လည်သုံးသပ်ခြင်း၊ နားထောင်ခြင်း၊ မေးမြန်းခြင်း၊ စစ်ဆေးခြင်း။

# ED 108 (68)

**ဆုံးဖြတ်ချက်နှင့် ဆက်နွှယ်ခြင်း**

- ဘယ်လိုချမှတ်မည်ကို ဆုံးဖြတ်ရန်
- ဦးတည်ချက်ပန်းတိုင်များကို ချမှတ်ရန်
- ကြိုတင်စီစဉ်ရန်
- ရလဒ်ကို အမှားအမှန် စစ်ဆေးရန်အခြေခံကို ပေးရန်
- ရည်ရွယ်ချက်များကို ဖော်ဆောင်ရန် အချက်အလက်များနှင့်ပတ်သက်၍ ဘာကြောင့်ပြုလုပ်ရသနည်း။ (Rationale) အကြောင်းပြချက်များကို ဖြည့်ဆည်းပေးခြင်း။
- စမ်းသပ်မှုနှင့် အချက်အလက်ဆက်စပ်မှုသရုပ်ခွဲခြားလေ့လာမှု သီအိုရီကို အသုံးပြုခြင်း၊ ဖြေရှင်းရမည့် ပြဿနာများကို ဆုံးဖြတ်ရန် ရွေးချယ်ချက်များကို ပေးခြင်း။

# ED 108 (69)

**ထဲ့သွင်းလိုက်သော အကြောင်းအရာများကို သုံးသပ်ခြင်း**

**ရည်မှန်းချက်**

- စနစ်၏ စွမ်းရည်ကို သတ်မှတ်ဖော်ပြရှင်းလင်းစေခြင်းနှင့် စီစစ်ခြင်း။
- အခြားမဟာဗျူဟာများကို ချမှတ်ခြင်း
- ပုံစံကို ဆောင်ရွက်အကောင်အထည်ဖော်ခြင်း
- ဝင်ငွေ၊ ထွက်ငွေ၊ ငွေကြေးစီစဉ်မှုကို ပြုခြင်း။

**နည်းလမ်း**

- အရင်းအမြစ်များကို သရုပ်ခွဲခြားလေ့လာရန်၊ ဖြစ်နိုင်မဖြစ်နိုင်အခြေအနေများကို သရုပ်ခွဲခြားလေ့လာရန်၊ အသုံးပြုမည့်စာပေ အကြောင်းအရာတို့ကို သုတေသနပြုရန်၊ ဥပမာ အစီအစဉ်များကို ပြုလုပ်ရန်၊ ကြိုတင်လေ့လာသော စီမံကိန်းများဆောင်ရွက်ရန်။

**ဆုံးဖြတ်ချက်**

- အရင်းအမြစ်ရရှိနိုင်သော နေရာများကို ရွေးချယ်ခြင်း
- ဆောင်ရွက်လုပ်ရှားမှုများကို တည်ဆောက်ခြင်း။
- အကောင်အထည် ဖော်ဆောင်ရွက်မှုမှားကို စီစစ်၍ အမှားအမှန်ဆုံးဖြတ်ရန် အခြေခံချမှတ်ခြင်း။

ED 108 (70)

**လုပ်ငန်းစဉ်ကို သုံးသပ်ခြင်း**

**ရည်ရွယ်ချက်**

- ပုံစံတွင် အပြစ်အနာအဆာများကို ထင်ရှားရှင်းလင်းစေရန် ကြိုတင်ခန့်မှန်းရန်၊ လုပ်ငန်းစဉ်များကို မှတ်သားပြီးအမှားအမှန် ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ မှတ်တမ်းတင်ခြင်း။

**နည်းလမ်း**

- စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစဉ်ကို ရှင်းလင်းဖော်ပြခြင်း၊ ကြောင်းကျိုးပြခြင်း၊ လေ့လာသုံးသပ်ခြင်း။

**ဆုံးဖြတ်ချက်**

- အစီအစဉ်၏ ပုံစံနှင့် နည်းလမ်းစဉ်တို့ကို အကောင်အထည်ဖော်ခြင်း၊ ပြန်လည်ကောင်းအောင်ပြုခြင်း၊ စီစစ်သန့်စင်စေခြင်း။
- နည်းလမ်းစဉ်ကို ထိန်းချုပ်ခြင်း
- ရလဒ်ကို အဓိပ္ပါယ်ပြန်ရန် သတင်းအချက်အလက်များကို သုံးခြင်း။
- အကောင်အထည်ဖော်ရန်အတွက် တာဝန်ရှိသူများသို့ အချိန်နှင့် ကိုက်၍ အကြောင်းပြန်ကြားမှုပေးခြင်း
- လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာသလို မှတ်တမ်းတင်ခြင်း။

# ED 108 (61)

**Scriven ၏ လွတ်လပ်သော ဦးတည်ချက် ပန်းတိုင်ပုံစံ**

- နားလည်မှု၊ သင်ယူမှုတိုးတက်အောင် တည်ဆောက်ခြင်း (Formative) နှင့် အဆုံးသတ်အကျဉ်းချုပ်စုစည်း စစ်ဆေးခြင်း (Summative) တို့ကို မိတ်ဆက်ပေးသည်။
- သုံးသပ်မှုကို ပိုမိုကျယ်ပြန့်စေသည်။
- ပညာရေးဆိုင်ရာဦးတည်ချက်များကို သုံးသပ်သူက ဩဇာ မသက်ရောက်စေရန်ပညာရေးအစီအစဉ်တစ်ခု၏ ဦးတည်ချက်ပန်းတိုင်ကို သိရှိရန်မလို။
- သုံးသပ်သူသည် လုံးဝ လွတ်လပ်မှုရှိသည်။
- သုံးသပ်သူသည် နည်းလမ်းစဉ်များ၊ အဆင့်များ၊ ရလဒ်များ၊ ပါဝင်မှု မရှိသေးသည့် ပတ်သက်မည်ဟုမမျှော်လင့်ထားသည့် အကျိုးများတို့ကို လွတ်လပ်စွာ ကြည့်ရှုလေ့လာသည်။
- သင်ရိုးညွှန်းတမ်း၏ အချက်အလက်များကို စီစစ်မှု စာရင်းဇယားရှိသော်လည်း နည်းစနစ်သည် လွတ်လပ်ပွင့်လင်းမှုရှိသည်။

ED 108 (62)

**Tyler ၏ ဦးတည်ရည်မှန်းချက် ချမှတ်ထားသောပုံစံ**

- တိုင်လာ၏ အခြေခံသဘောတရားသည် စီစဉ်မှုနှင့် လုပ်ဆောင်မှုများ၏ အကျိုးထိရောက်မှုကို လေ့လာခြင်းနှင့် ပတ်သက်ဆက်နွယ်နေသည်။
- သင်ရိုးညွှန်းတမ်းတစ်ခုကို ကြိုတင်သတ်မှတ်ထားသော ရည်မှန်းချက်များနှင့် ယှဉ်ပြီးသုံးသပ်သည်။
- ဦးတည်ချက်ကို အခြေခံထားသော သင်ရိုးညွှန်းတမ်းပုံစံလိုအပ်သည်။
- ကျောင်းသားများ၏ ဆောင်ရွက်မှုနှင့် ဦးတည်ချက်အကြားသင့်တော်မှု၊ ကိုက်ညီမှုတို့ကို သုံးသပ်သည်။
- နည်းစနစ်သည် သုံးသပ်သူ၏ တိုင်းတာခြင်း ဟူသော စကားလုံးကို အဓိပ္ပါယ် ဖော်ဆောင်မှု အပေါ်တွင် တည်မှီနေသည်။ (အဆင့်အတန်း သတ်မှတ်ခြင်း)

# ED 108 (63)

**Stufflebeam ၏ CIPP ပုံစံ**

- သင်ရိုးညွှန်းတမ်းကို တိုးချဲ့တည်ဆောက်ခြင်းဖြစ်သည်။
- တိုးတက်တည်ဆောက်လိုက်သော အသုံးချသော သင်ရိုးညွှန်းတမ်း၏ ထိရောက်မှုကို တွေ့မြင်သည့် နည်းလမ်းစဉ်သည် CIPP သင်ရိုးညွှန်းတမ်း သုံးသပ်ခြင်းဖြစ်သည်။

# ED 108 (64)

၄င်းချဉ်းကပ်မှုများသည် Stufflebeam နှင့် Shinkfield (1990) တို့တင်ပြသော သင်ရိုးညွှန်းတမ်း သုံးသပ်ရေး၊ သင်ရိုးညွှန်းတမ်းကို အမျိုးအစား ခွဲခြားရေးပုံစံများ အပေါ် အခြေတည်သည်။

**ဆုံးဖြတ်ချက်ချခြင်း**

- ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်ရေးအစီအစဉ်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို စုဆောင်းခြင်းဖြစ်သည်။

**အရည်အချင်းကို သတ်မှတ်လက်ခံခြင်း**

- ပညာရေး၊ လေ့ကျင့်ရေးအစီအစဉ်တစ်ခုတွင်း အသုံးချသည့် လုပ်ငန်းစဉ်တို့ကို ပညာရှင်ဆိုင်ရာ စဉ်းစားခြင့်ချိန် ဆုံးဖြတ်မှု ဖြစ်ပေါ်ရန် ပုံဖော်ခြင်းဖြစ်သည်။

ED 108 (65)

**Stufflebeam ၏  CIPP ပုံစံ**

**ပါဝင်သော အချက်များ**

**စီစဉ်ပြင်ဆင်ဆုံးဖြတ်ချက်**

- မည်သည့်လိုအပ်ချက်များကို သတ်မှတ်ဖော်ပြမလဲ?
- အစီအစဉ်၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို အဓိပ္ပါယ် သတ်မှတ်ခြင်း

**ထဲ့သွင်းမှု**

- မည်သည့်အရင်းအမြစ်များရနိုင်သလဲ
- မည်သည့်အခြားနည်းဗျူဟာများကို စဉ်းစားသင့်သလဲ
- မည်သည့်အစီအစဉ်သည် လိုက်နာသုံးစွဲရန် အကောင်းဆုံးအခြေအနေရှိသလဲ

# ED 108 (66)

**နည်းလမ်းစဉ်**

ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်း

- အစီအစဉ်ကို ဘယ်လောက်ကောင်းကောင်း အကောင်အထည်ဖော်နိုင်သလဲ။
- မည်သည့်အရာများသည် ကန့်သတ်ချက်များဖြစ်သလဲ။
- မည်သည့်သုံးသပ်ချက်များလိုအပ်သလဲ။

**ပေါ်ထွက်လာသောပစ္စည်း**

ပြန်လည်အသုံးပြုရန်ဆုံးဖြတ်ချက်

- မည်သည့်ရလဒ်များရရှိသလဲ။
- ၎င်းတို့ကို လျှော့ချရန်လိုအပ်ပါသလား။
- ဤပရိုဂရမ်နှင့်ပတ်သက်ပြီး ဘာပြုလုပ်သင့်သလဲ။

# ED 108 (67)

**ပါဝင်သော အကြောင်းအချက်များကို သုံးသပ်ခြင်း**

- များစွာသော အခြေခံအချက်အလက်သုံးသပ်မှုများ
- **ရည်ရွယ်ချက်**

- ပါဝင်မည့်အကြောင်းအရာများနှင့် ပတ်သက်၍ ဘာကိုထဲ့သွင်းရန်၊ ဘာလုပ်ဖို့လိုသည်ကို အဓိပ္ပါယ် သတ်မှတ်ရန်။
- ဦးရေ အရေအတွက်ကို ထင်ရှားရှင်းလင်းစေရန်။
- လိုအပ်ချက်ကို စစ်ဆေးရန်
- ပြဿနာများကို အပြစ်ရှာဖွေရန်

- **နည်းလမ်း**

- စနစ်ကို သရုပ်ခွဲခြားလေ့လာခြင်း၊ တိုင်းတာခြင်း၊ အထောက်အထားများကို ပြန်လည်သုံးသပ်ခြင်း၊ နားထောင်ခြင်း၊ မေးမြန်းခြင်း၊ စစ်ဆေးခြင်း။

ED 108 (68)

**ဆုံးဖြတ်ချက်နှင့် ဆက်နွယ်ခြင်း**

- ဘယ်လိုချမှတ်မည်ကို ဆုံးဖြတ်ရန်
- ဦးတည်ချက်ပန်းတိုင်များကို ချမှတ်ရန်
- ကြိုတင်စီစဉ်ရန်
- ရလဒ်ကို အမှားအမှန် စစ်ဆေးရန်အခြေခံကို ပေးရန်
- ရည်ရွယ်ချက်များကို ဖော်ဆောင်ရန် အချက်အလက်များနှင့်ပတ်သက်၍ ဘာကြောင့်ပြုလုပ်ရသနည်း။ (Rationale) အကြောင်းပြချက်များကို ဖြည့်ဆည်းပေးခြင်း။
- စမ်းသပ်မှုနှင့် အချက်အလက်ဆက်စပ်မှုသရုပ်ခွဲခြားလေ့လာမှု သီအိုရီကို အသုံးပြုခြင်း၊ ဖြေရှင်းရမည့် ပြဿနာများကို ဆုံးဖြတ်ရန် ရွေးချယ်ချက်များကို ပေးခြင်း။

ED 108 (69)

**ထဲ့သွင်းလိုက်သော အကြောင်းအရာများကို သုံးသပ်ခြင်း**

**ရည်မှန်းချက်**

- စနစ်၏ စွမ်းရည်ကို သတ်မှတ်ဖော်ပြရှင်းလင်းစေခြင်းနှင့် စီစစ်ခြင်း။
- အခြားမဟာဗျူဟာများကို ချမှတ်ခြင်း
- ပုံစံကို ဆောင်ရွက်အကောင်အထည်ဖော်ခြင်း
- ဝင်ငွေ၊ ထွက်ငွေ၊ ငွေကြေးစီစဉ်မှုကို ပြုခြင်း။

**နည်းလမ်း**

- အရင်းအမြစ်များကို သရုပ်ခွဲခြားလေ့လာရန်၊ ဖြစ်နိုင်မဖြစ်နိုင်အခြေအနေများကို သရုပ်ခွဲခြားလေ့လာရန်၊ အသုံးပြုမည့်စာပေ အကြောင်းအရာတို့ကို သုတေသနပြုရန်၊ ဥပမာ အစီအစဉ်များကို ပြုလုပ်ရန်၊ ကြိုတင်လေ့လာသော စီမံကိန်းများဆောင်ရွက်ရန်။

**ဆုံးဖြတ်ချက်**

- အရင်းအမြစ်ရရှိနိုင်သော နေရာများကို ရွေးချယ်ခြင်း
- ဆောင်ရွက်လုပ်ရှားမှုများကို တည်ဆောက်ခြင်း။
- အကောင်အထည် ဖော်ဆောင်ရွက်မှုမှားကို စီစစ်၍ အမှားအမှန်ဆုံးဖြတ်ရန် အခြေခံချမှတ်ခြင်း။

ED 108 (70)

**လုပ်ငန်းစဉ်ကို သုံးသပ်ခြင်း**

**ရည်ရွယ်ချက်**

- ပုံစံတွင် အပြစ်အနာအဆာများကို ထင်ရှားရှင်းလင်းစေရန် ကြိုတင်ခန့်မှန်းရန်၊ လုပ်ငန်းစဉ်များကို မှတ်သားပြီးအမှားအမှန် ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ မှတ်တမ်းတင်ခြင်း။

**နည်းလမ်း**

- စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစဉ်ကို ရှင်းလင်းဖော်ပြခြင်း၊ ကြောင်းကျိုးပြခြင်း၊ လေ့လာသုံးသပ်ခြင်း။

**ဆုံးဖြတ်ချက်**

- အစီအစဉ်၏ ပုံစံနှင့် နည်းလမ်းစဉ်တို့ကို အကောင်အထည်ဖော်ခြင်း၊ ပြန်လည်ကောင်းအောင်ပြုခြင်း၊ စီစစ်သန့်စင်စေခြင်း။
- နည်းလမ်းစဉ်ကို ထိန်းချုပ်ခြင်း
- ရလဒ်ကို အဓိပ္ပါယ်ပြန်ရန် သတင်းအချက်အလက်များကို သုံးခြင်း။
- အကောင်အထည်ဖော်ရန်အတွက် တာဝန်ရှိသူများသို့ အချိန်နှင့် ကိုက်၍ အကြောင်းပြန်ကြားမှုပေးခြင်း
- လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာသလို မှတ်တမ်းတင်ခြင်း။

# ED 108 (71)

## ရလဒ်ကိုသုံးသပ်ခြင်း

### ရည်ရွယ်ချက်

- ရလဒ်ကို ရှင်းလင်းဖော်ပြခြင်း၊ သုံးသပ်ကာအမှန်အမှားစစ်ဆေးခြင်း
- ရလဒ်ကို ရည်မှန်းချက်နှင့် ဆက်စပ်စေခြင်း
- တန်ဖိုးကိုအဓိပ္ပါယ်ပြန်ခြင်း

### နည်းလမ်း

- လုပ်ဆောင်ရန်သတ်မှတ်ချက်များကို လုပ်ဆောင်တိုင်းတာခြင်း၊ အသုံးချသူတို့၏ အမှန်းအမှန်ဆုံးဖြတ်မှုစဆောင်းရယူခြင်း။

### ဆုံးဖြတ်ချက်

- ဆက်လက်လုပ်ဆောင်ရန်
- အဆုံးသတ်ရန်
- ပြန်လည်ပြီးပြုပြင်ကာ မွမ်းမံမှုပြုရန်
- ဦးတည်ချက်ကို ပြန်လည်သတ်မှတ်ထားရှိရန်
- အကျိုးသက်ရောက်မှုတို့ကို မှတ်သားချက်များကို တင်ပြရန်

## ED 108 (72)

- စီမံကိန်းအဆုံးတွင် ရရှိအောင်မြင်ချက်များကို အဓိပ္ပါယ်ပြန်ခြင်းနှင့် တိုင်းတာမှုပြုခြင်း
- ရည်မှန်းချက်များကို ဆောင်ရွက်လုပ်ရှားတိုင်းတာပြီး ကြိုတင်သတ်မှတ်ထားသော အဆင့်အတန်းများနှင့် နှိုင်းယှဉ်ခြင်း
- ပါဝင်ပတ်သက်သော အကြောင်းအရာများ၊ ထဲ့သွင်းလိုက်သော အရာများ၊ နည်းလမ်းစဉ်နှင့် ပတ်သက်သော သတင်း အချက်အလက်များကို သုံးစွဲကာ ရရှိလာသော ရလဒ်များကို အဓိပ္ပါယ်ပြန်ဆိုရန်

ED 108 (73)

**CIPP ပုံစံတွင်ပါဝင်သောအဆင့်များ**

- သုံးသပ်မှုကို ဦးတည်သတ်မှတ်ခြင်း
- သတင်းအချက်အလက်စုဆောင်းခြင်း
- သတင်းအချက်အလက်သရုပ်ခွဲလေ့လာခြင်း
- သတင်းအချက်အလက်ကို အစီရင်ခံခြင်း
- သုံးသပ်မှု အစီရင်ခံစာနှင့် ပတ်သက်၍ စီမံခန့်ခွဲခြင်း

## ED 108 (74)

**သင်ရိုးညွှန်းတမ်းပြောင်းလဲခြင်း**

- နိုင်ငံနှင့် အမျိုးသားရေးဆိုင်ရာ လိုအပ်ချက် ၊ လိုလားချက်များ ရည်မှန်းချက်များ၊ လိုအပ်ချက်များ အပေါ်မူတည်၍ ပြောင်းလဲခြင်း
- ယဉ်ကျေးမှုပြောင်းလဲမှုကြောင့် သင်ရိုးညွှန်းတမ်းပြောင်းလဲခြင်း
- လူမှုရေးပြောင်းလဲချက်များ (နည်းပညာ၊ တိုးတက်မှု၊ စီးပွားရေးပြောင်းလဲမှု၊ နိုင်ငံရေးပြောင်းလဲမှု၊ တန်ဖိုးပြောင်းလဲမှု)
- စနစ်၏ တန်ဖိုးများ
- ဒဿနဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စိတ္တဗေဒဆိုင်ရာချဉ်းကပ်မှုများပေါ် မူတည်ပြီး သင်ရိုးညွှန်းတမ်းပြောင်းလဲခြင်း

# ED 108 (75)

**ချဉ်းကပ်မှု အဆင့် ၆ ဆင့်**

သုံးသပ်ခြင်း
အကြောင်းပြန်ခြင်း

ပြဿနာများ၊
လိုအပ်ချက်များကို
စီစစ်ခြင်း

သင်ယူသူတို့၏လိုအပ်ချက်ကို
စီစစ်ခြင်း

တိုင်းတာနိုင်သော
ရည်မှန်းချက်
သတ်မှတ်ထားခြင်းများ

ပညာရေးဆိုင်ရာ
နည်းဗျူဟာ

အကောင်အထည်ဖော်ခြင်း

# ED 108 (76)

- **အဆင့် (၁) ပြဿနာကိုသတ်မှတ်ဖော်ပြခြင်း**
- လူမှုရေးပြဿနာကို သတ်မှတ်ဖော်ပြကာ အမျိုးအစားသတ်မှတ်ရန်
- မည်သည့်အရာကို ပြောဆိုနေကြောင်းသိမြင်ရန်

## ED 108 (77)

<u>အဆင့် (၂) သင်ယူသူတို့၏ လိုအပ်ချက်ကို စီစစ်ရန်</u>

- သိရမည်။
- ကျွန်ုပ်တို့ဦးတည်ပြီး သင်ကြားမှာ ဘယ်သူတွေလဲ။
- ကျွန်ုပ်တို့ဦးတည်သင်ကြားမှုခံယူသူတွေ ဘာလိုအပ်သလဲ။

ED 108 (78)

**အဆင့် (၃) ရည်မှန်းချက်ပန်းတိုင်နှင့် ရည်ရွယ်ချက်များ**

- အားစိုက်ဖော်ဆောင်မှု၏ ဦးတည်ထားသော အဆုံးဟာဘာလဲဆိုတာ ထင်ရှားစေရန်။
- ဦးတည်ချက်ပန်းတိုင်များ
- သတ်မှတ်ထားပြီးတိုင်းတာနိုင်သောဦးတည်ချက်များ
- သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရွေးချယ်မှုကို ညွှန်ကြားရန်
- ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို ရှင်းလင်းစွာ ဆက်သွယ်ရန်
- မည်သည့်သင်ကြားရေးနည်းလမ်းသည် အထိရောက်ဆုံးဖြစ်သည်ကို အကြံပြုရန်

**အဆင့် (၄) ပညာရေးဆိုင်ရာ နည်းဗျူဟာများ**

- သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်၊ ဦးတည်ချက် ရည်မှန်းချက်များ ရရှိစေရန်ပညာရေးဆိုင်ရာ နည်းဗျူဟာများကို ပါဝင်သော အချက်အလက် နည်းလမ်းစဉ်များအားဖြင့် သတ်မှတ်ဖော်ပြရန်
- သင်ရိုးညွှန်းတမ်းဦးတည်ချက်များရရှိပြီးကြောင်း ရှင်းလင်းသိရှိပြသနိုင်မည့် နည်းလမ်းများကို ဖြည့်ဆည်းပေးရန်

ED 108 (80)

**အဆင့် (၅) အကောင်အထည်ဖော်ခြင်း**


- သင်ရိုးညွှန်းတမ်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်လုံလောက်သော အရင်းအမြစ်များ၊ ထောက်ကူမှုများ၊ နှင့် အခြားအရာများတို့ကို သတ်မှတ်ဖော်ပြရှင်းလင်းရန်။

## ED 108 (81)

<u>အဆင့် (၆) သုံးသပ်ခြင်းနှင့် အကြောင်းပြန်ကြားခြင်း</u>

- သင်ရိုးညွှန်းတမ်း၏ ထိရောက်မှုကို သုံးသပ်ရန် အစီအစဉ်ကို ရှင်းလင်းဖော်ပြခြင်း
- အကြောင်းအကျိုးသိမြင်စီစစ်ခြင်း၊ အကြောင်းပြန်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အကျိုးသိမြင်စီစစ်ခြင်း စသော ပတ်လမ်းကို ပြည့်ဝစေရန်
- အရည်အသွေးကို ဆက်လက်ပြီးတိုးတက်စေခြင်းဆိုင်ရာ သတင်းအချက်အလက်ကို ပေးခြင်း

ED 108 (82)




<u>သင်ရိုးပုံစံပြုခြင်း နည်းလမ်းစဉ်</u>

## ED 108 (83)

**သေးငယ်သော အုပ်စုများဆောင်ရွက်သည့်ကိစ္စများ**

- အဆင့်(၁) - မည်သည့်လူမှုရေးပြဿနာကို ဖော်ပြလိုသနည်း။
- အဆင့်(၂) - လိုအပ်ချက်ကို စီစစ်နိုင်မည့်သတင်းအချက်အလက်ကို ရရှိရန်မည်သည့်နည်းများကို ကျွန်ုပ်တို့ အသုံးချသင့်သနည်း။ ၄င်းလိုအပ်ချက်များနှင့် ပတ်သက်ပြီး မည်သို့ထင်မြင်သနည်း။
- အဆင့်(၃) - အားစိုက်ထုတ်မှု၏ အဆုံးသတ်အရာကို ထုတ်ဖော်ပြသရန်

**ရည်မှန်းချက်ပန်းတိုင်**

ရည်မှန်းချက်များ

- သတ်သတ်မှတ်မှတ်ရှိကာ တိုင်းတာနိုင်ရမည်။
- သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို တိုက်ရိုက်ရွေးချယ်နိုင်မှုရှိရမည်။
- ရည်ရွယ်ချက်လုပ်ငန်းစဉ်ကို ရှင်းလင်းစွာ ဆက်သွယ်ရမည်။
- မည်သည့်သင်ယူမှုနည်းလမ်းများသည် အထိရောက်ဆုံးဖြစ်သည့်ကိုအကြံပြုရမည်။

# ED 108 (84)

- အဆင့်(၄) - ကျွန်ုပ်တို့ပါဝင်မည့်အချက်အလက်များတွင် မည်သည့် အရာများပါသနည်း။ မည်သည့်ပညာရေးဆိုင်ရာနည်းဗျူဟာများကို ကျွန်ုပ်တို့အသုံးချသင့်သနည်း။ (ဥပမာ- သင်ကြားမှုရှင်းပြမှု၊ လက်တွေ့ခန်းအခြေခံကာစီစဉ်မှု)
- အဆင့်(၅) - သင်ရိုးညွှန်းတမ်းကို ထောက်ကူပြုသော ကျွန်ုပ်တို့၏ အရင်းအမြစ်များသည် မည်သူများနည်း။ မည်သည့်အရာများနည်း။ မည်သည့်နေရာတွင်နည်း။
- အဆင့်(၆) - ကျောင်းသားများနှင့် သင်ရိုးအစီအစဉ်ကို ကျွန်ုပ်တို့ မည်သို့သုံးသပ်မည်နည်း။

# ED 108 (Exercises)

အင်္ဂလိပ် (သို့) မြန်မာဘာသာဖြင့် ဖြေဆိုနိုင်သည်။

Slide 1 - 20

(၁) သင်ရိုးညွှန်းတမ်းကို အဓိပ္ပါယ် ဖွင့်ဆိုပါ။

(၂) သင်ရိုးညွှန်းတမ်းများ အကြောင်းဖော်ပြပါ။

(၃) သင်ရိုးညွှန်းတမ်းကို မည်သို့အစပြုမည်နည်း။

(၄) ပညာရေးဆိုင်ရာ ဒဿနကို ဖော်ပြပါ။

(၅) သင်ရိုးညွှန်းတမ်းကို ချဉ်းကပ်ခြင်းကို ဖော်ပြပါ။

# ED 108 (Exercises)

Slide 21 - 40

(၆) အောက်ပါတို့ကို ရှင်းလင်းပါ။

(က) စမ်းသပ်ခြင်း၊ (ခ) ဖွဲ့စည်းတည်ဆောင်ခြင်း၊ (ဂ) ပြန်လည်ဖွဲ့စည်းတည်ဆောက်ခြင်း

(၇) သင်ရိုးညွှန်းတမ်းအမျိုးအစားများ အမည် ဖော်ပြပါ။

Slide 41 – 60

(၈) အောက်ပါတို့ကို ရှင်းလင်းပါ။

(က) ရေးသားသော သင်ရိုးညွှန်းတမ်း (ခ) လူမှုပတ်ဝန်းကျင်သင်ရိုးညွှန်းတမ်း (ဂ) မသိမြင်နိုင်သော သင်ရိုးညွှန်းတမ်း

# ED 108 (Exercises)

Slide 61 - 80

(၉) အောက်ပါတို့ကို ရှင်းလင်းပါ။

(က) သုံးစွဲနေသော သင်ရိုး (ခ) လက်ခံရရှိသော သင်ရိုး

(ဂ) အီလက်ထရောနစ်သင်ရိုး (ဃ) ကျွမ်းကျင်မှုအခြေခံသော သင်ရိုး

(၁၀) သင်ရိုးညွှန်းတမ်းအဆင့်များကို ရေးပါ။

(၁၁) သင်ရိုးညွှန်းတမ်းစီစဉ်သော အဆင့်များကို ရေးပါ။

# ED 108 (Exercises)

Slide 81 - 100

(၁၂) သင်ရိုးညွှန်းတမ်းစီစဉ်ခြင်းနှင့် ပတ်သက်ပြီး အောက်ပါတို့ကို ရှင်းလင်းပါ။

(က) သင်ရိုးညွှန်းတမ်းကြိုတင်စီစဉ်ခြင်း (ခ) သင်ရိုးညွှန်းတမ်းပြင်ဆင်ခြင်း

(၁၃) သင်ရိုးညွှန်းတမ်းပုံစံပြုခြင်း ရေးသားပါ။

(၁၄) သင်ရိုးညွှန်းတမ်းဖွဲ့စည်းတည်ဆောက်ပုံကို ရေးပါ။

(၁၅) သင်ရိုးညွှန်းတမ်း တိုးချဲ့ပြုလုပ်ခြင်းအကြောင်းရေးသားပါ။

(၁၆) သင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်ခြင်းကို ရှင်းပါ။

# ED 108 (Exercises)

Slide 101 - 120

(၁၇) သင်ရိုးညွှန်းတမ်းကို အကဲဖြတ်ခြင်းနှင့် သက်ဆိုင်သော ချဉ်းကပ်မှု အကြောင်းရေးပါ။

(၁၈) Alade ၏သင်ရိုးညွှန်းတမ်းပုံစံ မြေခုကို ရှင်းပါ။

(၁၉) CIPP ပုံစံကို ရေးဆွဲပါ။

Slide 121 - 140

(၂၀) Stufflebeam ၏ CIPP ပုံစံကို ရှင်းပါ။

(၂၁) အောက်ပါတို့ကို ရှင်းပါ။

(က) ပါဝင်သောအကြောင်းအရာများကို သုံးသပ်ခြင်း (ခ) ထဲ့သွင်းသော အရာကို သုံးသပ်ခြင်း (ဂ) နည်းလမ်းစဉ်ကို သုံးသပ်ခြင်း

# ED 108 (Exercises)

Slide 141 - 160

(၂၂) CIPP ပုံစံပါ အချက်များကို ရေးပါ။

(၂၃) သင်ရိုးညွှန်းတမ်းပြောင်းလဲမှုကို ပုံဆွဲ၍ ရှင်းပါ။

(၂၄) အောက်ပါတို့ကို ရှင်းပါ။

(က) ပြဿနာသတ်မှတ်ခြင်း (ခ) သင်ယူသူတို့၏ လိုအပ်ချက်များကို စီစစ်ခြင်း

(ဂ) ဦးတည်ချက်များချမှတ်ခြင်း (ဃ) ပညာရေးဆိုင်ရာနည်းဗျူဟာများချခြင်း

(င) အကောင်အထည်ဖော်ခြင်း (စ) သုံးသပ်အကြောင်းပြန်ခြင်း